http://www.dhammadownload.com



## အာရမ္မဏမျိုး (၈) ပါး

၁။ အာရမ္မဏပစ္စည်း၏ သုဒ္ဓသဉ္ဇာဝါရ၌ ကာမစိတ် စေတသိက်ပညာသ၊ ဝိညာဏဉ္စာယတန စိတ် ၃-ခု၊ နေဝသညာနာသညာယတနစိတ် ၃-ခု၊ အဘိညာဉ်ဒွေး၊ လောကုတ္တရာစိတ် ၈-ခု အားတပ်သော စိတ်တခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်၊ ဤတရားတို့သည် အာရမ္မဏပစ္စည်းတပ်သော တရားမည်ကုန်၏။ အာရမ္မဏ နဝ။

### အာရမ္မဏမျိုး အာရုံပြပုံဆိုရိုး

* ပစ္စယုပ္ပန်ဘက်၌ ကုသိုလ်ရှိလျှင် ◦ အရဟတ္တမဂ်/အရဟတ္တဖိုလ်ကို ကြဉ်ပါ။

မေး ◦ (က) စေတောပရိယ ကုသိုလ်အဘိညာဉ်အားတပ်သော အာရမ္မဏပစ္စည်းတရား၊

(ခ) ရူပါဝစရ ပဉ္စမဈာန်စိတ် (၃) ခုအားတပ်သော အာရမ္မဏပစ္စည်းတရား-တို့ကို ပစ္စယနိဒ္ဒေသနှင့်အညီ ကောက်ပြပါ။

* အနာဂတံသဉာဏ်ကြိယာ အဘိညာဉ်၏ အာရုံကို အတိအကျ သတ်မှတ်ပြပါ။ (ဇယားကြည့်)

| ပစ္စည်း (အာရုံ) [ကတ္တားပါဌ်] | ပစ္စယုပ္ပန်◦ (အာရမ္မဏိက) |
|---|---|
| ၁။ ပစ္စုပ္ပန် ရူပါရုံ<br>ပစ္စုပ္ပန် သဒ္ဒါရုံ<br>ပစ္စုပ္ပန် ဂန္ဓာရုံ<br>ပစ္စုပ္ပန် ရသာရုံ<br>ပစ္စုပ္ပန် ဖောဋ္ဌဗ္ဗာရုံ<br>ပစ္စုပ္ပန် ပဉ္စာရုံ [ဗျာ-ဗျာ] | စက္ခုဝိညာဉ်ဒွေး (အားတပ်သော)<br>သောတဝိညာဉ်ဒွေး<br>ဃာနဝိညာဉ်ဒွေး<br>ဇိဝှါဝိညာဉ်ဒွေး<br>ကာယဝိညာဉ်ဒွေး<br>မနောဓာတ် ၃-ခု |
| ၂။ ကာမစိတ်-၅၄၊ စေ-၅၂ ရုပ်-၂၈၊ ပညတ်ဟုဆို အပ်သော အာရုံ ၆-ပါး [ကု–ဗျာ၊ အကု–ဗျာ၊ ဗျာ–ဗျာ] | တဒါရုံ-၁၁၊ ဟသိတုပ္ပါဒ် |
| ၃။ ကိ-၈၁၊ စေ-၅၂ ရုပ်-၂၈၊ ပညတ် [ကု–ကု၊ ကု–အကု၊ ကု–ဗျာ၊ အကု–အကု၊ အကု–ကု၊ အကု–ဗျာ၊ ဗျာ–ဗျာ၊ ဗျာ–ကု၊ ဗျာ–အကု] | အကု-၁၂ မဟာကုသိုလ် မဟာကြိယာဉာဏဝိပ်-၈ |
| ၄။ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကြဉ် စိတ်-၈၇၊ စေ-၅၂ ရုပ်-၂၈၊ နိဗ္ဗာန်၊ ပညတ်-ဟုဆိုအပ်သော အာရုံ ၆-ပါး | မဟာကု ဉာဏသမ်-၄ [ကု–ကု၊ အကု–ကု၊ ဗျာ–ကု] |
| ၅။ စိတ်-၈၉၊ စေ-၅၂ ရုပ်-၂၈၊ နိဗ္ဗာန်၊ ပညတ်ဟုဆိုအပ် သော အာရုံ ၆-ပါး [ကု–ဗျာ၊ အကု–ဗျာ၊ ဗျာ–ဗျာ] | မနောဒွါရာဝဇ္ဇန်း မဟာကြိ-ဉာဏသမ်-၄ |
| ၆။ ဒူရပဋိစ္ဆန္နသဏှသုခုမဖြစ်သော ပစ္စုပ္ပန် ရူပါရုံ [ဗျာ–ကု၊ ဗျာ–ဗျာ] | ဒိဗ္ဗစက္ခု ကုသိုလ်–ကြိယာ အဘိညာဉ် |
| ၇။ ဒူရပဋိစ္ဆန္နသဏှသုခုမဖြစ်သော ပစ္စုပ္ပန် သဒ္ဒါရုံ [ဗျာ–ကု၊ ဗျာ–ဗျာ] | ဒိဗ္ဗသောတ ကုသိုလ် ကြိယာ အဘိညာဉ် |

http://www.dhammadownload.com



| | |
|---|---|
| ၈။ ပါဒကဖြစ်သော ရူပါဝစရ ကုသိုလ်ကြိယာ ပဥ္စမဈာန်၊ သတ သဟာသ-စသော နိမိတ္တရုပ်ဟုဆိုအပ်သော အာရုံ ၆-ပါး [ကု-ကု၊ ကု-ဗျာ၊ ဗျာ-ဗျာ၊ ဗျာ-ကု] | ဣဒ္ဓိဝိဓ ကုသိုလ်/ ကြိယာ အဘိညာဉ် (အားတပ်သော) |
| ပါဒကဖြစ်သော ရူပါဝစရကုသိုလ် ပဥ္စမဈာန်၊ သတ သဟာသ-စသော နိမိတ္တရုပ်ဟုဆိုအပ်သော အာရုံ ၆-ပါး | ဣဒ္ဓိဝိဓ ကုသိုလ်အဘိညာဉ် |
| ပါဒကဖြစ်သော ရူပါဝစရ ကြိယာ ပဥ္စမဈာန်၊ သတ သဟာသ-စသော နိမိတ္တရုပ်ဟုဆိုအပ်သော အာရုံ ၆-ပါး | ဣဒ္ဓိဝိဓ ကြိယာ အဘိညာဉ် |
| ၉။ လွန်လေပြီးသော ၇-ရက်မှစ၍ လာလတ္တံ့သော ၇-ရက် တိုင်အောင် ကာလသုံးပါး၌တည်သော သူတစ်ပါးတို့၏ စိတ်-၈၉၊ စေ-၅၂-ဟုဆိုအပ်သော မြွာရုံ [ကု-ကု၊ ကု-ဗျာ၊ အကု-ကု၊ အကု-ဗျာ၊ ဗျာ-ဗျာ၊ ဗျာ-ကု] | စေတောပရိယ (ကုသိုလ်) ကြိယာ အဘိညာဉ် (အားတပ်သော) |
| (လွန်လေပြီးသော ၇-ရက်မှစ၍ လာလတ္တံ့သော ၇-ရက် တိုင်အောင် ကာလသုံးပါး၌တည်သော အရဟတ္တမဂ်, အရဟတ္တဖိုလ်ကြဉ်သော သူတစ်ပါးတို့၏ စိတ်(၈၇)ခု၊ ဟုဆိုအပ်သော မြွာရုံ) | စေတောပရိယကုသိုလ်အဘိညာဉ် |
| ၁၀။ ပုဗ္ဗေနိဝါသဖြစ်သော စိတ်-၈၉၊ စေ-၅၂၊ ရုပ်-၂၈-ဟုဆို အပ်သော ခန္ဓာ ၅-ပါး၊ ထိုခန္ဓာ ၅-ပါးမှ အစဉ်လျောက် ၍ သိအပ်သော နိဗ္ဗာန်၊ အမည်အမျိုးစသော ပညတ်ဟု ဆိုအပ်သော အာရုံ ၆-ပါး | ပုဗ္ဗေနိဝါသာနုဿတိ ကု/ ကြိ အဘိညာဉ် [ကု-ကု၊ ကု-ဗျာ၊ အကု-ကု၊ အကု-ဗျာ၊ ဗျာ-ဗျာ၊ ဗျာ-ကု] |
| (ပုဗ္ဗေနိဝါသဖြစ်သော အရဟတ္တမဂ်, အရဟတ္တဖိုလ်ကြဉ်သော စိတ်(၈၇)၊ စေ-၅၂၊ ရုပ်-၂၈-ဟုဆိုအပ် သော ခန္ဓာ ၅-ပါး၊ ထို ခန္ဓာ ၅-ပါးမှ အစဉ်လျောက် ၍ သိအပ်သော နိဗ္ဗာန်၊ အမည်အမျိုးစသော ပညတ်ဟုဆိုအပ်သော အာရုံ ၆-ပါး ) | ပုဗ္ဗေနိဝါသာနုဿတိ ကုသိုလ်အဘိညာဉ် |
| ၁၁။ အတိတ်ဖြစ်သော လောကီကုသိုလ် အကုသိုလ်ကံဟု ဆိုအပ်သော မြွာရုံ [ကု-ကု၊ ကု-ဗျာ၊ အကု-ကု၊ အကု-ဗျာ] | ယထာကမ္မူပဂကုသိုလ် ကြိယာ အဘိညာဉ် |
| ၁၂။ အနာဂတ်ဖြစ်သော စိတ်-၈၉၊ စေ-၅၂ ရုပ်-၂၈-ဟုဆို အပ်သော ခန္ဓာ ၅-ပါး၊ ထိုခန္ဓာ ၅-ပါးမှ အစဉ်လျောက် ၍ သိအပ်သော နိဗ္ဗာန်၊ အမည်အမျိုးစသော ပညတ်ဟု ဆိုအပ်သော အာရုံ ၆-ပါး | အနာဂတံသကုသိုလ်/ ကြိယာ အဘိညာဉ် [ကု-ကု၊ ကု-ဗျာ၊ အကု-ကု၊ အကု-ဗျာ၊ ဗျာ-ဗျာ၊ ဗျာ-ကု] |
| (အနာဂတ်ဖြစ်သော အရဟတ္တမဂ်, အရဟတ္တဖိုလ်ကြဉ်သော စိတ်-၈၇၊ စေ-၅၂၊ ရုပ်-၂၈-ဟုဆိုအပ် သော ခန္ဓာ ၅-ပါး၊ ထိုခန္ဓာ ၅-ပါးမှ အစဉ်လျောက် ၍ သိအပ်သော နိဗ္ဗာန်၊ အမည်အမျိုးစသော ပညတ်ဟု ဆိုအပ်သော အာရုံ ၆-ပါး) | အနာဂတံသကုသိုလ် အဘိညာဉ် |
| ၁၃။ ကသိုဏ်းပညတ် ၁၀-ပါး၊ အသုဘပညတ် ၁၀-ပါး၊ ကာယဂတာသတိ-၏ အာရုံဖြစ်သော ဆံ-အစရှိသော ကာယအစု ပညတ်၊ အာနာပါနဿတိ၏ အာရုံဖြစ်သော ထွက်သက် ဝင်သက်ပညတ်၊ မေတ္တာ, ကရုဏာ, မုဒိတာ ဟူသော ဗြဟ္မဝိဟာရ တရား ၃-ပါး၏ အာရုံဖြစ်သော အတိုင်းမသိသော သတ္တဝါပညတ်၊ ဤ ၂၅-ပါးသော ပညတ်ဟုဆိုအပ်သော မြွာရုံ | ရူပါဝစရပဌမဈာန် စိတ် ၃-ခု |

http://www.dhammadownload.com



| ပစ္စည်း (အာရုံ) [ကတ္တားပါင်] | ပန် (အာရမ္မဏိက) |
|---|---|
| ၁၄။ ကသိုဏ်းပညတ် ၁၀-ပါး၊ အာနာပါနသဿတိ-၏ အာရုံဖြစ်သော ထွက်သက် ဝင်သက်ပညတ်၊ မေတ္တာ, ကရုဏာ, မုဒိတာ ဟူသော ဗြဟ္မဝိဟာရတရား ၃-ပါးတို့၏အာရုံဖြစ်သော အတိုင်းမသိသော သတ္တဝါပညတ်၊ ဤ(၁၄)ပါးသော ပညတ်ဟုဆိုအပ်သော ဓမ္မာရုံ | ရူပါဝစရ ဒုတိယ ဈာန်–၃/ တတိယ ဈာန်–၃/ စတုတ္ထ ဈာန်–၃ (အားတပ်သော) |
| ၁၅။ ကသိုဏ်းပညတ် ၁၀-ပါး၊ အာနာပါနသဿတိ၏ အာရုံဖြစ်သော ထွက်သက်ဝင်သက်ပညတ်၊ ဥပေက္ခာဟူသော ဗြဟ္မဝိဟာရတရား တစ်ပါး၏ အာရုံဖြစ်သော အတိုင်းမသိသော သတ္တဝါပညတ် ဤ (၁၂)ပါးသော ပညတ်ဟုဆိုအပ်သော ဓမ္မာရုံ | ရူပါဝစရ ပဉ္စမဈာန်စိတ်–၃ |
| ၁၆။ အာကာသကြဉ်အပ်သော ကသိုဏ်း ၉-ပါးတို့တွင် တပါးပါးကို ခွါ၍ ရအပ်သောကောင်းကင်ပညတ်ဟုဆိုအပ်သော ဓမ္မာရုံ | အာကာသာနဉ္စာ ယတနစိတ် ၃–၃ |
| ၁၇။ ဤဘဝ, ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဖူးသော အာကာသာနဉ္စာယတန ကုသိုလ်ဟုဆိုအပ်သော ဓမ္မာရုံ [ကု-ကု] | ဝိညာ–ကုသိုလ် |
| ၁၈။ ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဖူးသော အာကာသာနဉ္စာယတန ကုသိုလ်ဟုဆိုအပ်သော ဓမ္မာရုံ [ကု-ဈာ] | ဝိညာ–ဝိပါက် |
| ၁၉။ ဤဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဖူးသော အာကာသာနဉ္စာယတန ကြိယာ။ ဤဘဝ, ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဖူးသော အာကာသာနဉ္စာ ယတန ကုသိုလ်ဟုဆိုအပ်သော ဓမ္မာရုံ [ဈာ–ဈာ၊ ကု–ဈာ] | ဝိညာ–ကြိ |
| ၂၀။ အာကာသာနဉ္စာယတနကုသိုလ်, ကြိယာ၏ မရှိခြင်းဟု ဆိုအပ်သော နတ္ထိဘာဝပညတ်ဟု ဆိုအပ်သော ဓမ္မာရုံ | အာကိဉ္စညာ ယတနစိတ် ၃–၃ |
| ၂၁။ ဤဘဝ, ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဖူးသော အာကိဉ္စညာ ယတနကုသိုလ်ဟုဆိုအပ်သော ဓမ္မာရုံ [ကု-ကု] | နေဝ–ကုသိုလ် (စတုတ္ထာရုပ္ပစိတ်) |
| ၂၂။ ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဖူးသော အာကိဉ္စညာ ယတနကုသိုလ်ဟုဆိုအပ်သော ဓမ္မာရုံ [ကု-ဈာ] | နေဝ–ဝိပါက် |
| ၂၃။ ဤဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဖူးသော အာကိဉ္စညာယတန ကြိယာ၊ ဤဘဝ, ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဖူးသော အာကိဉ္စညာယတနကုသိုလ်ဟုဆိုအပ်သော ဓမ္မာရုံ | နေဝ–ကြိယာ [ဈာ–ဈာ၊ ကု–ဈာ] |
| ၂၄။ နိဗ္ဗာန်ဟုဆိုအပ်သော ဓမ္မာရုံ [ဈာ-ကု၊ ဈာ-ဈာ] | လောကုတ်–၈ |